သတင်းစာပညာ



သတင်းဟူသည်

ဦးစိန်ဂင်း
(အယ်ဒီတာချုပ်)
ဂါးဒီယန်းသတင်းစာ

(၁၉၆၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော "မြန်မာနိုင်ငံ သတင်းစာဆရာအသင်းက ကြ
ကြီးမှူးကျင်းပသော ပြည်လုံးကျွတ် သတင်းထောက်များ သင
သင်တန်း" တွင် ဆရာဦးစိန်ဂင်း ဂါးဒီယန်း ပိ
ပို့ချခဲ့သော ဆောင်းပါးကို "သတင်းစာပညာ" စာ
စာအုပ်မှ ပြန်လည်ကူးယူဖော်ပြထားခြင်းဖြစ်သည်။ ကိ
ကိုးကားချက်ကို ဖော်ပြ၍ သတင်းစာပညာ ထွန်းကားစေရန် ဆက
ဆက်လက်ဖြန့်ဝေနိုင်ပါသည်။)

သတင်းလိုက်နည်းနှင့် ရေးနည်းကို မဒ
မပြောမီ သတင်းဆိုတာဘာလဲဆိုတာသိဖို့လိုသည်။ သတင်းကို အဂ
အင်္ဂလိပ်ဘာသာဖြင့် News ဟု ခေါ်သည်။ အင်္ဂလိပ်ဘာသာ News ကို
ဦးထွန်းငြိမ်း အဘိဓာန်တွင် –

၁။ မကြာမီကဖြစ်ပျက်သည့်အကြောင်းအရာ
၂။ သတင်းစကားများ
၃။ ကြားသိရသောအရာဟူ၍ မြန်မာဘာသာပြန်ဆိုထား၏။

အမှန်မှာ "မကြားသိရသေးသော ထူးခြားသည့်ဖြစ်ပေါ်မှု" ဟူ၍ ဘာ
ဘာသာပြန်ဆိုလျှင် မိုမိုနီးစပ်မည်ဟု ကျွန်တော်ယူဆသည်။

လောကတွင် နေ
နေ့စဉ်နှင့်အမျှ ဖြစ်ပျက်နေသော ကိစ္စများသည် သတင်းများသာဖြစ်သည်။ သိ
သို့သော် ထိုအဖြစ်အပျက်များ ဖြစ်ပေါ်ပုံနှင့် ထိုသို့ဖြစ်ပျက်သော အကြောင

ာင်းအခြင်းအရာများပေါ်တွင် မူတည်လျက် အရေးကြီးသော သတင်းဟုတ် မဟာ
မဟုတ်၊ သတင်းစာများတွင် ဖော်ပြသင့် မသင့် ဂေဖန်သုံးသပ်ရသည်။

သာမန်အားဖြင့် သတင်းများကို ရာဇဝတ်မှုသတင်း၊ ရုံးသတင်း၊ အစ
အစိုးရသတင်း၊ အားကစားသတင်း၊ သာရေးနာရေး သတင်း၊ မိ
မိုးလေဂသသတင်း အစ
အစရှိသဖြင့် လူ့လောကတွင်ဖြစ်ပျက်သမျှကို အမ
အမည်တပ်ပြီး ခေါ်ဝေါ်ကြသည်။ ဘယ်လို သတင်းမျိုးဘဲဖြစ်ဖြစ်၊ ထိ
ထိုသတင်းသည် တန်ဘိုးရှိ-
မရှိကို အောက်ပါအချက်များနှင့် နှိုင်းချိန်ပြီး သုံးသပ်နိုင်သည်။ ဖြ
ဖြစ်ပေါ်လာသော ကိစ္စတရပ်သည် –

၁။ အချိန်အားဖြင့် ဆက်စပ်မှု၊ နီးစပ်မှုရှိ-မရှိ။
၂။ ဒေသအာဖြင့် ဆက်စပ်မှု၊ နီးစပ်မှုရှိ-မရှိ။
၃။ လူများစုနှင့် သက်ဆိုင်မှုရှိ-မရှိ။
၄။ ဖြစ်ပျက်သည့်ကိစ္စသည် ထင်ရှားမှုရှိ-မရှိ။
၅။ ထူးခြားမှုရှိ-မရှိ။
၆။ ဆွဲဆောင်မှု၊ စိတ်ဂင်စားမှုရှိ-မရှိ။ စသော အချက်များအပေါ်တွင် မူတည်လျက်
သတင်းဖြစ်သည်။ မဖြစ်သည်ကို ဆုံးဖြတ်ရသည်။

<u>၁။ အချိန်အားဖြင့် ဆက်စပ်မှု၊ နီးစပ်မှုရှိ-မရှိ</u>
အချိန်အားဖြင့် ဆက်စပ်မှု၊ နီးစပ်မှုရှိ-မရှိဆိုရာတွင်
သာမန်အားဖြင့် လောလောလတ်လတ် သို့မဟုတ် မကြာမီအတွင်းက ဖြ
ဖြစ်သောသတင်းမျိုးကိုသာ တန်ဘိုးရှိသော သတင်းဟု ယူဆကြသည်။
(ဥပမာ။ ။ ရွာတစ်ရွာတွင်
လွန်ခဲ့သော သီတင်းကျွတ်လက လယ်သမား ဦးတိုးကို မြွေပွေးကိုက်သဖြင့် ဆ

ဆရာတော် ဦးဂိမလက ရေမန်းနှင့် ကုသရာ ပျောက်သွားသည်ဆိုေ
သော သတင်းသည် မေ
မနေ့တနေ့ကဖြစ်ခဲ့လျှင် တန်ဘိုးရှိကောင်း ရှိမည်။ လွန်ခဲ့သော န
နှစ်လသုံးလကဖြစ်သည် ဆိုလျှင် အခ

အချိန်အားဖြင့် နီးစပ်မှုမရှိ၍ တန်ဘိုးရှိသော သတင်းဟု မယူဆနိုင်ပါ။) တတ်
တ်နိုင်သရွေ့ အချိန် အားဖြင့် နီးစပ်ရန်လိုသည်။

သို့သော် သတင်းတန်ဘိုးရှိ-မရှိ သုံးသပ်ရာတွင် တခါတရံဖြစ်ပျက်သော အခ
အချိန်မှာ အဓိကမဟုတ်ပဲ ၎င်းဖြစ်ပျက်မှုကို သိရှိရသော အချိန်ကာလနှင့် ထု
ထုတ်ဖော်သော အချိန်ကာလ၏ နီးစပ်မှုကိုလိုက်ကာ သတင်းဖြစ်-မဖြစ်
ဆုံးဖြတ်တက်ရသည်။ (ဉပမာ။ ။
လွန်ခဲ့သော နှစ်ပေါင်းများစွာက တည်ထားခဲ့သော ရှေးဟောင်းမြို့ကြီးတစ်ခုက
ကို ဘူမိဗေဒပညာရှင်များ မြေကြီးတူးဖော်၍ တွေ့ရှိရသောအခါ ၎င
၎င်းမြို့ဟောင်းကြီး တည်ဆောက်သည်မှာ နှစ်ပေါင်းရာပေါင်း များစွာကြာ
ပြီဖြစ်သော်လည်း မြို့တည်ရှိခဲ့ကြောင်းကို တူ
တူးဖော်တွေ့ရှိမှ သိရှိရသဖြင့်။ တွေ့ရှိသော အချိန်ကိုသာလျှင် သတင်းအတွက်
က် အချိန်အားဖြင့် ဆက်စပ်မှု၊ နီးစပ်မှုရှိ-မရှိ စဉ်စားရပြန်သည်။)

REPORT THIS AD

၂။ ဒေသအားဖြင့် ဆက်စပ်မှု၊ နီးစပ်မှုရှိ-မရှိ
ဒေသအားဖြင့် ဆက်စပ်မှု၊ နီးစပ်မှုရှိ-မရှိဆိုရာ၌
အကြောင်းချင်းရာဖြစ်ပျက်သော နေရာဒေသသည် မိမိနှင့် မည
မည်မျှဆက်စပ်သည် နီးစပ်သည်ကို ချင့်ချိန်ရမည်။
(ဉပမာ။ ။ အိန္ဒိယပြည်
ကာလကတ္တားမြို့တော်ဂန်ကို လုပ်ကြံသောသတင်းသည် တောင်အမေရိက၊ အာ
အာဂျင်တီးနားပြည်၊ ဗျူနိုအေရက်စ်မြို့မှ မြို့တော်ဂန်လုပ်ကြံခံရသော သတ
သတင်းထက် ကျွန်တော်အတွက် ပို၍သတင်းတန်ဘိုးရှိသည်။) သို့ရာတွင် မိ
မိမိဒေသ၌ အရေးကြီးသော သတ
သတင်းဖြစ်လင့်ကစား တခါတရံ သတင်းစာများအတွက် သတ
သတင်းတန်ဘိုး မရှိသောအခါများလည်း ကြုံတတ်သည်။ (ဉပမာ။ ။ မိမိတို့ရွာမှ
သူကြီးသား ရှင်ပြုအခမ်းအနားသည် မိမိတို့ရွာအဖို့ အရေ
အရေးကြီးသောကိစ္စဖြစ်ကောင်း ဖြစ်မည်ဖြစ်သော်လည်း အခြားဒေသများ
းတွင်လည်း ရှင်ပြုခြင်းသည် သာမန်လုပ်ရိုးလုပ်စဉ် ကိစ္စတစ်ရပ်သာ ဖြစ်သ
သဖြင့် သတင်းစာအတွက် တန်ဘိုးရှိသည့်သတင်း မဖြစ်နိုင်ပါ။ အက

အကယ်၍သာ တစ်ရွာလုံးရှိ ကိတ္တိမသားအားလုံးကို ရှ
ရှင်ပြုပေးသည့် သတင်းဖြစ်လျှင် ဆိုင်ရာဒေသသာမက အခြ
အခြားဒေသများအတွက်ပါ တန်ဘိုးရှိသော သတင်းဖြစ်လာနိုင်တော့သည်။

၃။ လူများစုနှင့် သက်ဆိုင်မှုရှိ-မရှိ
လူများစုနှင့် သက်ဆိုင်မှုရှိ-မရှိဖြစ်ပေါ်သော သတင်းတစ်ရပ်သည် လူ
လူတစ်ဦးချင်း၊ နှစ်ဦးကိစ္စ လူနည်းစုတစ်စု၏ ကိစ္စများသာဖြစ်လျှင် သတ
သတင်းတန်ဘိုးမရှိပါ။ (ဥပမာ။ ။ မိမိတို့ဒေသရှိ လယ်သမားတစ်ဦး၏ တဲကလေး
လေမုန်တိုင်းကြောင့် ပြို၍သွားသော သတ
သတင်းထက် ကျောင်းသား ငါ
ငါးရာနေသော ရွာဦးကျောင်းပြိုသော သတ
သတင်းက ပို၍လူများစုနှင့် သက်ဆိုင်သော သတင်းဖြစ်သည်။ အခြ
အခြားဥပမာတစ်ခုပြောရလျှင် မြို့ပိုင်တစ်ဦး ငွေငါးရာကျ၍ပျောက်သော သတ
သတင်းသည် အများနှင့် မသက်ဆိုင်သောလည်း ထိုမြို့ပိုင်သည် အမ
အမတော်ကြေးပေးရန်ဖြစ်သောငွေ ငါးရာကျပျောက်ခဲ့သော အဆ
အဆိုပါသတင်းသည် လူများစုနှင့် သက်ဆိုင်သော သတ
သတင်းဟူ၍ခေါ်ရမည်ဖြစ်သည်။)

၄။ ဖြစ်ပျက်သည့်ကိစ္စသည် ထင်ရှားမှုရှိ-မရှိ
ဖြစ်ပျက်သည့်ကိစ္စသည် ထင်ရှားမှုရှိ-မရှိဆိုရာ၌ အချိန်ထင်ရှားမှု၊
နေရာထင်ရှားမှု၊ ပုဂ္ဂိုလ်ထင်ရှားမှု၊ ဖြစ်ပုံဖြစ်နည်း အခ
အကြောင်းခြင်းရာ ထင်ရှားမှုတို့ကို မှတည်၍ဆုံးဖြတ်ရမည်။ (ဥပမာ။ ။
မိုးတွင်း၌ ပဲခူးဘက်တွင် ရေကြီးသည်ဟူသော သတင်းမှာ အခ
အချိန်အားဖြင့် ထင်ရှားမှု မရှိလှပါ။ ဖြစ်ရိုးဖြစ်စဉ်ကိစ္စတစ်ရပ်ဖြစ်သည်။ အက
အကယ်၍ နွေခေါင်ခေါင် ပဲခူး၌ ရေကြီးသည်ဆိုပါက အခ
အချိန်၏ ထင်ရှားမှုဖြစ်နိုင်သည်။ ဥပမာ မိ
မိုးရာသီတွင်
ရေကြီးနေကျဖြစ်သည့်တိုင်အောင် ပိုမို၍ အပျက်အဆီးများသောအခါ၌လည်း
းကောင်း၊ အခါတိုင်းကဲသို့ ရေမတက်ပဲ အပ
အပျက်အဆီးနည်းသော အခါ၌လည်းကောင်း ဖြစ်ရိုးဖြစ်စဉ်ထက် ထူ

ထူးခြားသောအခါ၌ သတင်းတန်ဘိုးရှိလာပြန်သည်။ ဥပမာ။ ။ ထိုရေကြီးသည့် အရ
အရပ်သို့ သာမန်
ဆည်မြောင်းအရာရှိကလေးတစ်ဦး လာရောက်ကြည့်ရှုခြင်းထက်။ သက
သက်ဆိုင်ရာဝန်ကြီး လာရောက်ကြည့်ရှုသော သတ
သတင်းက ပုဂ္ဂိုလ်အားဖြင့် ထင်ရှားမှုရှိလာ၍ သတင်းဖြစ်နိုင်သည်။)

<u>၅။ ထူးခြားမှုရှိ-မရှိ</u>
ထူးခြားမှုရှိ-မရှိဆိုရာ၌ သာမန်ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော ကိစ္စရပ်များကို ဆိ
ဆိုလိုသည်။ လူကို ခွေးကိုက်လျှင် သ
သတင်းမဟုတ်သော်လည်း ခွေးကို လူက ကိုက်လျှင် သတင်းဖြစ်သည်ဟု ဆိ
ဆိုရိုစကားရှိကြသည့်အတိုင်း မမျှော်လင့်အပ်သည့် ထူးခြားမှုမျိုး ရှ
ရှိသောအခါ ထိုဖြစ်ပျက်မှုသည် တန်ဘိုးရှိသော သတင်းတစ်ရပ်ဖြစ်နိုင်သည်။

<u>၆။ ဆွဲဆောင်မှု၊ စိတ်ဝင်စားမှုရှိ-မရှိ</u>
ဆွဲဆောင်မှု၊ စိတ်ဝင်စားမှုရှိ-မရှိဆိုရာ၌ သာမန်ဖြစ်ရိုးဖြစ်စဉ် သတ
သတင်းပင်ဖြစ်လင့်ကစား သတင်းတွင်ပါဝင်သော ပုဂ္ဂိုလ်၏ နောက်ကြောင်း
း ရာဇဝင်ကြောင့် စိတ်ဝင်စားဖွယ်ရာ သတင်းမျိုးဖြစ်ပေါ်တက်သည်။ ဥပမာ ကာ
ကားတိုက်မှုဖြစ်၍ ကားမောင်းလာသူ ယောကျ်ားသေဆုံးသည့် သတ
သတင်းတွင်ပင် ကားမောင်းသူသည် သာမန်ကားမောင်းသူ ယေ
ယောကျ်ားဖြစ်ပါက စိတ်ဝင်စားစရာ အထူးမရှိပါ။ သို့ရာတွင် ကာ
ကားမောင်းသူသည် မင်္ဂလာဆောင်ပြီးစ မင်္ဂဆောင်ခန်းမမှထွက်၍ ကာ
ကားမောင်းအလာတွင် ကားတိုက်၍ သေလျှင် သိ
သို့မဟုတ် ထောင်မှလွတ်လာစ အိမ်အပြန် ကားတိုက်၍သေလျှင် သို့မဟုတ်
တ် မော်တော်ကားကို ခိုး၍ပြေးလာစဉ် ကာ
ကားတိုက်မှုနှင့် သေဆုံးခြင်းဖြစ်လျှင် စိတ်ဝင်စားဖွယ် သတ
သတင်းတစ်ရပ်ဖြစ်လာနိုင်သည်။
REPORT THIS AD

သို့ဖြစ်၍ သတင်းတစ်ရပ်ဖြစ်ပေါ်လာလျှင် ထိုကိစ္စသည် တန်ဘိုးရှိသော သတ
သတင်းဟုတ်မဟုတ်ကို အ
အထက်ဖော်ပြပါ အချက်များဖြင့် မှတ်ကျောက်တင်ကြည့်ကြရမည်။ ရံ

ရံဖန်ရံခါ အလွန်ကြီးသော သတင်းများကိုပင် သတင်းဟု မသ
မသိသဖြင့် ကျော်သွားတက်ကြသည်။ သတင်းစာ အစ
အစည်းအဝေးပွဲတစ်ခုတွင် အတူတူတက်ကြသော သ
သတင်းထောက်ချင်း တူလင့်ကစား သတ
သတင်းထောက်၏ ဖြတ်ထိုးဉာဏ်၊ သတင်းထောက်၏ သတ
သတင်းတန်ဘိုး ဆုံးဖြတ်နိုင်မှုအပေါ်တွင်တည်၍ တစ်ဦးထက် တစ်ဦး ပိ
ပိုမို၍ သတင်းရသော အခါများ ရှိတက်သည်။ လူစိမ်းတစ်ယောက်နှင့် စက
စကားပြောနေသော အခါ၌ ထိုသူက အမ
အမှတ်မထင် ပြောလိုက်သော စကားများတွင် အလွန်တန်ဘိုးရှိသော သတ
သတင်းအစအနများ ပါဂင်နေတက်သည်။ ဥပမာ။ ။
သတင်းထောက် သင်တန်းသို့ တက်ရောက်လာကြသော သင
သင်တန်းသားချင်း တွေ့ဆုံစကားပြောကြရာ၌ လာ
လာရှိုးမှလာသော သ
သတင်းထောက်က မိမိရန်ကုန်သို့အလာလမ်းတွင် ရေကြီးနေ၍ သုံ
သုံးညတိတိအိပ်ခဲ့ရကြောင်း အမ
အမှတ်မထင်ပြောသောအခါ၌ သာမန်အားဖြင့် သတ
သတင်းတန်ဘိုးရှိသော ပြောကြားချက်မဟုတ်ဟူ၍ ယူဆဖွယ်ရှိသည်။

စူးစမ်းဆင်ခြင်တက်သော သတင်းထောက်အဖို့မူ  လားရှိုးမှ ရန်ကုန်သို့အလာ
လမ်းတွင်ရေကြီးသည်ဆိုရာ၌ ပဲခူးတပိုက်တွင် ရေကြီးချင်းကိုဆိုလိုသော သိ
သို့မဟုတ် ရှမ်းပြည်၌ ရေကြီးသည်ကို ဆိုလိုသလော စုံ
စုံစမ်းမေးမြန်းလိုစိတ် ပေါက်လာလိမ့်မည်။ ပဲခူးတပိုက် ရေကြီးချင်းကြေင
ကင့်ဖြစ်ပါက လမ်းတွင် သုံးညအိပ်ရစရာအကြောင်းမရှိဟု စူ
စူးစမ်းဆင်ခြင်တတ်ရမည်။ အကယ်၍သာ ရှ
ရှမ်းပြည်၌ ရေကြီး၍ နောက်ကျရပါသည်ဆိုပါက ထူးထူးခြားခြားရှမ်းပြည်၌
၌ ရေကြီးရသည်ကို ဆ
ဆက်လက်စုံစမ်းရန် သတင်းအစတစ်ခု ဖြစ်လာနိုင်သည်။ လမ
လမ်း၌ရေကြီးသည်ဟု ပြောသော သတင်းထောက်ကိုယ်တိုင်က ထိ
ထိုသတင်းသည် အရေးကြီးသည်ဟု ယူဆချင်မှ ယူဆပေလိမ့်မည်။ စူးစမ်းဆင်ခြင
ခင် တတ်သော သတင်းထောက်ဖြစ်သော် ထိုသတင်းအစအနကို လိ

လိုက်၍ ဘာကြောင့် ကုန်မြင့်ပေါ်တွင် ရေ
ရေကြီးရသည်ကို ဆ
ဆက်လက်စုံစမ်းပေလိမ့်မည်။ ထိုအခါ အလွန်စိတ်ဝင်စားဖွယ်ကောင်းသော ဖြ
ဖြစ်ရိုးဖြစ်စဉ်မဟုတ်သည့် သတင်းများကို ဆက်လက်ရရှိနိုင်ပေမည်။

ဆိုလိုရင်မှာ
သတင်းထောက်သည်အစဉ်စဖြင့်စုံစမ်းလိုသောစိတ်၊ မေးမြန်းလိုသောစိတ်ရှ
ရှိ၍ မိမိ၏နား မိမိမျက်စိနှင့် မိမိနှုတ်ကို အခါမလပ် သတိကြီးစွာအသုံးပြု၍ သတ
သတင်းတန်ဘိုး ရှိ-မရှိ သုံးသပ်တတ်ရမည်။

ဟာသစာရေးဆရာသည် ဖြစ်ပျက်သမျှကိစ္စကို ဟာသမျက်စိနှင့်သာ ကြ
ကြည့်သကဲ့သို့ သတင်းထောက်သည်လည်း သတင်းမျက်စိနှင့်သာ ကြည့်ရပေမည်။

ဖြစ်ပေါ်သောကိစ္စသည် သတင်းဟုတ် မဟ
မဟုတ်သုံးသပ်ရန် ထူးထူးခြားခြားလေ့လာရန် မလိုပါ။ သာမန်စူးစမ်းဆင်ခြင်မှုန
နှင့် ဂိရိယရှိလျှင် လွယ်လွယ်နှင့် သိနိုင်သည်။

အထူးအရေးကြီးသည်မှာ
ဖြစ်ပေါ်လာသောကိစ္စတစ်ရပ်သည် ကြီးသည် ငယ်သည် မခွဲခြားပဲ ထိုကိစ္စသည
သည် အရေးကြီးသော သ
သတင်းဖြစ်ကောင်း ဖြစ်မည်ဟူသော မျှော်လင့်ချက်ဖြင့် စုံ
စုံစမ်းလေ့လာရမည်။ စောစောက ပြောခဲ့သော ကားတိုက်မှုကို ဥပ
ဥပမာယူကြပါစို့
သာမန်သတင်းထောက် တစ်ယောက်အဖို့ ကားနှစ်စင်းတိုက်ကြ၍ ကာ
ကားမောင်းသူ မောင်နီ သေဆုံးသည်ဟူသော သတင်းကိုသာ ရေးမည်။ စူး
းစမ်းဆင်ခြင်တတ်သော သတင်းထောက်အဖို့ တိုက်မိသော ကာ
ကားများသည် မည်သူမည်ဝါ၏ ကားများဖြစ်သနည်း။ ဘာ
ဘာကြောင့်တိုက်သနည်း စသဖြင့် စေ
စေ့စေ့စပ်စပ်စုံစမ်းခြင်းဖြင့် အလွန်စိတ်ဝင်စားဖွယ်ကောင်းသော အရေ
အရေးကြီးသော သတင်းတစ်ပုဒ် ထွက်လာနိုင်သည်။

ထိုကြောင့် ဖြစ်ပေါ်လာသော ကိ
ကိစ္စစတိုင်းသည် သတင်းတန်ဘိုးရှိမရှိ၊ သတ

သတင်းဟုတ်မဟုတ်၊ စေ့စေ့စပ်စပ်လေ့လာခြင်းဖြင့် သတင်းဟူသည်
ည် နေရာတကာ၌ရှိကြောင်း သိမြင်လာပေလိမ့်မည်။

==================================================
=========

သတင်းဆိုတာ ဘာလဲ
**ပီတာအဲန်း**
(တစ်သီပုဂ္ဂလ စာနယ်ဇင်းသမား)
ဘာသာပြန်
**ထင်အောင်ကျော်**
REPORT THIS AD

(သတင်းစာပညာနှင့်ပတ်သက်ပြီး မြန်မာသတင်းစာဆရာတို့ရဲ့ သတင်းစာပညာပိ
ပို့ချချက်များနှင့်အတူ နိုင်ငံခြားသား သတင်းစာဆရာတို့ရဲ့ သတ
သတင်းစာပညာပို့ချချက် တွေကိုပါ တ[
တပြိုင်းတည်းလေ့လာနိုင်စေရန်အတွက် ပီ
ပီတာအဲန်းနှင့် ဂျက်ဖ်ပော့ဒ်ဆင် ရေးသားပြုစုထားသည့် "သ
"သတင်းလိုက်ခြင်းနှင့် သတင်းရေးသားခြင်း အခြေခံ လက်စွဲ" စာ
စာအုပ်ပါ
"သတင်းဆိုတာဘာလဲ" ပို့ချက်ကို ပြန်လည် ကူးယူဖော်ပြထားခြင်းဖြစ်သည်
ည်။ ကိုးကားချက်ကို ဖော်ပြ၍ သတင်းစာပညာ ထွန်းကားစေရန် ဆက
ဆက်လက်ဖြန့်ဝေနိုင်ပါသည်။)
သတင်းစာဆရာရဲ့ အလုပ်က "သတင်းယူဖို့" ပါပဲ။ ဒါပေမဲ့ နိစ္စဓူဝ အ[
အဖြစ်အပျက်တွေက အ
အများကြီး။ အဲ့ဒါအားလုံးကို သတင်းအဖြစ်နဲ့ ရေးသားတင်ပြဖို့ မလိုအပ်ဘူး။ ဒီ
ဒီတော့ သတင်းဆိုတာဘာလဲ။ စာဖတ်ပရိသတ်က ဘယ်လို သတ
သတင်းအချက်အလက်မျိုးကိုမှ လိုချင်တာလဲ။

ဒါဟာ သတင်းစာဆရာတစ်ယောက် နေ့စဉ် စဉ
စဉ်းစားဆုံးဖြတ်ရတဲ့ ကိစ္စပါပဲ။ သတင်းတစ်ပုဒ် စမလိုက်ခင်မှ "ဒ

“ဒါလူတွေ ပြောမယ့် အကြောင်းအရာလား”၊ “ဒါဟာ သူ
သူတို့သိချင်တဲ့ကိစ္စလား” ဆိုတာ ကိုယ့်ကိုယ်ကို အမြဲတမ်းမေးကြည့်ကြရတယ်။

သတင်းဆိုတာ လူအများစုကြီးအတွက် **အရေးကြီး**တဲ့ သူတို့**စိတ်ဝင်စား**တဲ့
အကြောင်းချင်းရာဖြစ်ပါတယ်။ ဒါဟာ နိစ္စဓူဝ ဖြစ်ပျက်နေတာမျိုးနဲ့ ကွာပါတယ်။
သတင်းဆိုတာ ဖြစ်ပျက်နေကျမျိုး မဟာ
မဟုတ်ပါဘူး။ သတင်းနဲ့ပတ်သက်ပြီး ထင်ရှားတဲ့ အ
အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကတော့ “ခွေးက လူကို ကိုက်တာ သတ
သတင်းမဟုတ်ဘူး၊ လူက ခွေးကို ကိုက်ရင်တော့ ဒါ သတင်းပဲ” လိ
လို့ ဆိုထားတယ်။ ဘန်ကောက်ပို့စ် သတင်းစာမျက်နှာဖုံးမှာ သူ
သူ့ခွေးရဲ့ လည်ကုပ်ကို ကိုက်တဲ့အတွက်
အဖမ်းခံရတဲ့ လူတစ်ယောက်အကြောင်းကို ဖော်ပြခဲ့ဖူးပါတယ်။ အဲ့ဒီလူက သူ
သူဟာ သခင်ဆိုတာကို အကြောင်းပြဖို့အတွက် အဲ့ဒီလို ကိုက်ခဲ့တာ ဖြစ်ပါတယ်။

လူအများကြီးအပေါ်မှာ **သက်ရောက်မှု**ရှိတဲ့အကြောင်းကိစ္စတစ်ခုဟာလည်း သတ
သတင်းဖြစ်ပါတယ်။ အဲ့ဒါမျိုးက အိမ်တွေ၊ သီးနှံတွေ ပျ
ပျက်စီးကုန်တဲ့ ရေလွှမ်းမိုးမှုမျိုး အင
အကြောင်းပေ့ါ။ ဓာ
ဓာတ်ဆီဈေး တ
တက်သွားတာမျိုးပေ့ါ။ အဲ့ဒါဆို မော်တော်ဆိုင်ကယ်တွေအတွက် စရ
စရိတ်တက်လာမယ်။
သတင်းကြီးတွေဆိုတာ များသောအားဖြင့် လူအများကြီးအပေါ်မှာ သက
သက်ရောက်မှုရှိတဲ့ အဖြစ်အပျက်ပါပဲ။
တခါတလေမှာတော့ **အရေးကြီးပုဂ္ဂိုလ်**၊
ဒါမှမဟုတ် **ထင်ရှားကျော်ကြားသူ**တစ်ယောက်ရဲ့ လုပ်ဆောင်ချက်က သတ
သတင်းဖြစ်နေတာမျိုး ရိုးရိုးရှင်းရှင်းကိစ္စမျိုးလည်း ရှိတတ်တယ်။ သတ
သတင်းစာဆရာတွေက ဝန်ကြီးချုပ်၊ သမ္မတနဲ့ နိုင်ငံခြားရေးဝန်ကြီးတို့လို ထိ
ထိပ်တန်းအရာရှိကြီးတွေနောက်လိုက်ပြီး သတ
သတင်းယူတတ်ကြတယ်။ ဒီပုဂ္ဂိုလ်တွေက ဩ
ဩဇာအာဏာကြီးတဲ့သူတွေဖြစ်တော့ သူတို့အမြင်က သာ
သာမန်လူတစ်ယောက်အမြင်ထက် သတင်းမှာပိုပြီး ထိရောက်တယ်။ လူ

လူအများက
ချမ်းသာတဲ့၊ နာမည်ကြီးတဲ့သူတွေအကြောင်း စိတ်ဝင်စားတယ်ဆိုတာ သိတဲ့အတွက
က် ရုပ်ရှင်မင်းသား မင်းသမီးတွေနဲ့ တေးသံရှင်တွေအကြောင်း ဖောင်းပေး
ပးတဲ့ သတင်းစာဆရာတွေလည်း ရှိပါတယ်။
သတင်းမှာ **အချိန်ကိုက်** ဖြစ်ဖို့လိုတယ်။ သတင်းဆိုတာ ကု
ကုန်ခဲ့တဲ့ကာလ
ဖြစ်ခဲ့တာကို ပြောတာမဟုတ်ပါဘူး။ ဒီကနေ့ လက်ငင်းဖြစ်နေတာကို ပြော
ပတာ။ စာဖတ်ပရိသတ်က နောက်ဆုံးဖြစ်နေတာကို မြန်နိုင်သမျှ အ
အမြန်ဆုံးသိချင်ကြတယ်။ မြို့ထဲမှာ အ
အကြီးအကျယ်မီးလောင်မှုဖြစ်တယ်ဆိုရင် ရုပ်သံသတင်းသမားက အဲ
အဲ့ဒီနေ့သတင်းမှာ ပါနိုင်အောင် အမြန်ဆုံးလုပ်ရှားရမယ်။ သတင်းသမ
သမားက နောက်တစ်နေ့ မနက်သတင်းစာမှာ ပါအောင်ရေးရမယ်။
**ပဋိပက္ခ** အကြောင်းဟာလည်း သတင်းပါပဲ။ လူတွေရဲ့ နေ့စဉ်ဘဝမှာ ပဋ
ပဋိပက္ခဖြစ်ရပ်တွေက အပြည့်၊ မြေယာအငြင်းပွားမှုတွေ ရှိတယ်။ အစ
အစိုးရဖွဲ့နိုင်ဖို့ နိုင်ငံရေးပါတီတွေချင်း အားပြိုင်တာရှိတယ်။ နိ
နိုင်ငံချင်း စစ်ဖြစ်ကြတယ်။
သတင်းတွေမှာ **ဒေသန္တရရှုထောင့်** ဆိုတာလည်းရှိပါတယ်။ လူတွေက သူ
သူတို့နေထိုင်တဲ့ နေရာဒေသက အဖြစ်အပျက်၊ ဒါ
ဒါမှ မဟုတ် ကိုယ့်အနီးအနားက အကြောင်းတွေကို သိချင်ကြတယ်။ ဗီ
ဗီယန်ကျင်းမြို့ထုတ် သတင်းစာတစ်စောင်ဟာ ဗီ
ဗီယန်ကျင်းနားက ရေကြီးမှုအကြောင်းကိုပဲ စိတ်ဝင်စားမယ်။ ပီ
ပီကင်းမှာ ရေကြီးတဲ့ကိစ္စကို သိ
သိပ်စိတ်ဝင်စားမှာ မဟုတ်ဘူး။ ကိုယ့်နိုင်ငံသားတွေရဲ့ အေ
အကြောင်းကို တခြားသူတွေ အကြောင်းထက် ပို
ပိုပြီး စိတ်ဝင်စားတတ်ကြတယ်။ လာအိုလူမျိုးတစ်ယောက်ဟာ နောက် လာ
လာအိုလူမျိုးတစ်ယောက်အကြောင်းကို စိ
စိတ်ဝင်စားမှုရှိတယ်။
တရုတ်နိုင်ငံမှာ လေယာဉ်ပျက်ကျတဲ့အကြောင်းကို လာအိုနိုင်ထုတ် သတ
သတင်စာတစ်စောင်မှာ သိပ်ပြီး အလေးထားဖော်ပြနေမှာ မဟုတ်ပါဘူး။ ဒါ

ဒါပေမယ့် အဲ့ဒီလေယာဉ်ပေါ်မှာ လာအိုနိုင်ငံသား သုံးဦးပါသွားတယ်ဆိုရင်ေ
တော့ ဒါ တကယ့်သတင်းကြီး တစ်ပုဒ်အနေနဲ့ ပါလာပါလိမ့်မယ်။
REPORT THIS AD

တစ်ခါတစ်ရံမှာလည်း **အသုံးဝင်တဲ့အချက်အလက်** တွေက သ
သတင်းဖြစ်နေတတ်တယ်။ ဥပမာ အလုပ်သစ်တစ်ခု ရနိုင်တဲ့ အေ
အကြောင်းမျိုးဖြစ်ပါတယ်။ ဒါမှမဟုတ် ကျ
ကျန်းမာကြံ့ခိုင်ဖို့အတွက် ဘယ်လို ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းလုပ်ရမ
ရမယ် ဆိုတာမျိုးပေါ့။
ပြီးတော့ **ဖျော်ဖြေတဲ့သတင်းအချက်အလက်တွေ** ဟာလည်း သတင်းပါပဲ။ ဒီ
ဒီသတင်းမျိုးထဲမှာ တိရစ္ဆာန်တွေအကြောင်း၊ လူတွေရဲ့ အပျော်အပြက်လုပ်ရပ်တွေ
တွ၊ ရုပ်ရှင်ဇာတ်ကားသစ် စသဖြင့် ဖြစ်ပါတယ်။
သတင်းကို အဓိပ္ပါယ်ဖွင့်ဆိုဖို့ဆိုတာ မလွယ်လှဘူး။ သတ
သတင်းထောက်စလုပ်တဲ့ သူတစ်ယောက်ကို အယ်ဒီတာက “သတင်းတစ်ပုဒ် ရှ
ရှာပြီးပြန်လာခဲ့” လို့ တန်းလွှတ်လိုက်ရင် သူ့အနေနဲ့ ဘာမှ လု
လုပ်တတ်မှာ မဟုတ်ဘူး။
ဒါပေမဲ့ အတွေ့အကြုံရလာတဲ့အခါမှာတော့ သတင်းထောက်က ဘယ်ဟာ သတ
သတင်းဖြစ်တယ်ဆိုတာ ချက်ချင်း သိမြင်လာပါလိမ့်မယ်။

Advertisements

REPORT THIS AD

Advertisements

## မြန်မာ့ရုပ်ရှင် အမှတ်တရများ



ပြည်လှဖေနှင့် မေရှင် (စောင်းတော်ရှင် ဇာတ်ကားမှ)

- မြန်မာ့ရုပ်ရှင် ဖြစ်ပေါ်လာရေးအတွက် လန်ဒန်အတ် ဓာတ်ပုံပိုင်ရှင် ဦ
ဦးအုန်းမောင်က ၁၉၁၄ ခုနစ်တွင် ပထမဆုံး စတင်ကြံစည်တီထွင်ခဲ့သည်။
- မြန်မာ့ရုပ်ရှင်ကားအတွက် ဓာတ်ပုံ (ကင်မရာ)ကို ၁၉၁၉ ခုနှစ်တွင် ဆရာဦးအုန်းမောင်နှင့်
ဦးမောင်မောင်တို့မှ စတင်တီထွင်ခဲ့သည်။
- ပထမဆုံး မြန်မာ့ရုပ်ရှင်ဇာတ်ကားကို ရိ
ရိုက်ကူးသည့် ဓာတ်ပုံကင်မရာအမျိုးအစားမှာ "ဘေဘီအင်ဗိုင်း" ကင်မရာဖြစ်သည်။
- ပထမဆုံး မြန်မာသတင်းကားမှာ ဦးထွန်းရှိန်၏ ဈာပနအခမ်းအနားဖြစ်သည်။
- ပထမဆုံး မြန်မာ့ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုကို ၁၉၂၀ ခုနှစ်တွင် စာ
စာရေးဆရာပီမိုးနင်းက ရေးသားခဲ့၍ ယင်းဇာတ်ကား၏ အမည်မှာ "မေတ္တာနှင့်သူရာ" ဖြစ်သည်။
- ပထမဆုံး သွန်သင်ပြသသူ ရုပ်ရှင်ဒါရိုက်တာမှာ ဦးပု(ခ) ဦးတုတ်ကြီးဖြစ်သည်။
- ပထမဆုံး ရုပ်ရှင်ဇာတ်ကား၏ ဇာ
ဇာတ်ဆောင်မင်းသားနှင့် မင်းသမီးမှာ ဦးညီပုနှင့် မရီ (ခ) မအေးကြည် ဖြစ်သည်။
- ပထမဆုံး ရု
ရုပ်ရှင်ဇာတ်ရုံများမှာ မောင်မောင်ချစ်၊ ဦးပု၊ ဦးပါကြီး၊ ဦးငြိမ်း၊ ဦးမောင်မောင်ကလေး၊ ဦ
ဦးတင်ဖေ (မောင်မောင်စိုး) တို့ ဖြစ်ကြပါသည်။
- ၁၉၂၀ ခုနစ်တွင် ပထမဆုံး မြန်မာ့ရုပ်ရှင်ကား တီးဝိုင်းကို ဆရာဦးကာမှ စတ
စတင်တည်ထောင်ခဲ့သည်။
- ပထမဆုံး မြန်မာရုပ်ရှင် ပြသခဲ့သည့် ရုပ်ရှင်ရုံ၏ အမည်မှာ "စီနီမာဒီပဲရစ်" ဖြစ်သည်။
- မြန်မာရုပ်ရှင်ကားအတွက် ရုပ်ရှင်ဆင်ဆာအဖွဲ့ ဖွဲ့သည့်နှစ်မှာ ၁၉၂၂ ခုနှစ် ဖြစ်သည်။
- ပထမဆုံး နှစ်ကိုယ်ခွဲ ဓာတ်ပုံလှည့်စားချက်ဖြင့် ရိုက်သည့်ကားမှာ "ခင်ခင့် အ
အမှာတော်ပုံ" ကားဖြစ်သည်။

•	၁၉၂၂ ခုနှစ်တွင် ကောလိပ်ကျောင်းသားမှ ပထမဆုံး ရု
ရုပ်ရှင်မင်းသားဖြစ်လာသူမှာ ဒဂုန်ပ ဦးဘတင် ဖြစ်သည်။
•	ပထမဆုံး ရုပ်ရှင်လူရွှင်တော်မှာ ပေါ်စံကြီး (ဦးဘထွန်း) ဖြစ်သည်။
•	ပထမဆုံး ရုပ်ရှင်ကားတို၏ အမည်မှာ "အနိုပ်သည်" ဖြစ်သည်။
•	ပထမဆုံး ရုပ်ရှင်ကားပြ အော်ပရေတာအမည်မှာ ဦးစိုးမောင်ဖြစ်သည်။
•	ပထမဆုံး မှန်၊ အမိုးအကာ ရုပ်ရှင်စတူဒီယိုကို ၁၉၂၂ ခုနှစ်တွင် "ဘားမားဖလင်" ကု
ကုမ္ပဏီမှ စတင် တည်ဆောက်သည်။
•	မန္တလေးနန်းဆောင်များကို ၁၉၂၁ ခုနှစ်တွင် ဒဂုန်ပဦးဘတင်မှ ပထ
ပထမဆုံး စတင် ရိုက်ကူးခွင့်ရခဲ့သည်။
•	အငြိမ့်မင်းသမီးမှ ပထ
ပထမဆုံး ရုပ်ရှင်မင်းသမီးဖြစ်လာသူမှာ ၁၉
၁၉၂၃ ခုနှစ်တွင် ရိုက်ကူးသည့် "ဥစ္စာစောင့်မကလေး" ကားမှ မမြညွှန့် ဖြစ်သည်။
•	၁၉၂၃ ခုနှစ်တွင် ရိုက်ကူးသည့် "ပ
"ပန်းဘဲမောင်တင့်တယ်" ဇာတ်ကားမှ ဒေါက်တာဂါလ်တာချစ်ထွန်းသည် ကာယဗလမောင်ဘွဲ
ွဲ့ရ ပထမဆုံး ရုပ်ရှင်မင်းသား ဖြစ်သည်။
•	ပထမဆုံး မြန်မာစတန့်ရုပ်ရှင်ဇာတ်ကားမှာ ဗြိတိသျှဘားမားမှ ရိုက်ကူးသည့် "တစ်ကို
ကိုယ်တော်" ရုပ်ရှင်ဇာတ်ကား ဖြစ်သည်။
•	ပထမဆုံး ရုပ်ရှင်စတန့်မင်းသားမှာ ကျော်စိုးဖြစ်သည်။
•	ဇာတ်လမ်းတခုတည်းကို ရု
ရုပ်ရှင်ကုမ္ပဏီနှစ်ခုမှ တပြိုင်တည်း ရိုက်ကူးသည့် ကားများမှာ (၁
(၁) ပန်းဘဲမောင်တင့်တယ် (၂) အိမ်တွင်းမင်းမဟာဂီရိတို့ဖြစ်သည်။
•	ပထမဆုံး အမျိုးသမီး ရုပ်ရှင်ဒါရိုက်တာမှာ မဟာဒုတ်ရုပ်ရှင်မှ ဒေါ်ခင်ညွှန့်ဖြစ်သည်။
•	အလှအပနှင့် ဂုတ်စားဆင်ယင်မှုအတွက် ပထ
ပထမဆုံး ရွှေတံဆိပ်ဆုရသူမှာ ရုပ်ရှင်မင်းသမီး ခင်ထားဖြစ်ပြီး မင်းသားမှာ မောင်ဘတင်
င့် ဖြစ်သည်။
•	ကိုယ်ပိုင်မော်တော်ကား ပထမဆုံး ဂယ်စီးနိုင်သူ ရု
ရုပ်ရှင်မင်းသားမှာ မောင်ဘတင့်ဖြစ်သည်။
•	 နိုင်ငံခြား(သီဟိုဠ်) သို့ ပထမဆုံး သွားရောက် ရိုက်ကူးသည့်ကားမှာ "စ
"စွယ်တော်သမိုင်း" ဖြစ်သည်။
•	အိန္ဒိယသို့ ပထမဆုံး သွားရောက်ရိုက်ကူးသည့် ဇာတ်ကားမှာ "ငွေပေးလို့မရ" (၁
(၁၉၂၃) ဖြစ်သည်။
•	မီးပုံးပျံစီး၍ ရိုက်ကူးခဲ့သည့် ပထမဆုံးကားမှာ "မြဂနိုင်" (၁၉၃၄) ဖြစ်သည်။
•	 လေယာဉ်ပျံစီး၍ ပထမဆုံး ရိုက်ကူးခဲ့သည့် ဇာတ်ကားမှာ "လူစွမ်းကောင်း" ဖြစ်သည်။
•	ထိုးခန်း ကြိတ်ခန်းများစွာပါဝင်သော ပထမဆုံး ဇာ
ဇာတ်ကြမ်းကားကို ဗြိတိသျှဘားမားက "ရွှေသဇင်" ဇာတ်ကားဖြင့် စတင်နိုင်ခဲ့သည်။

- လန်ဒန်အတ်မှ ရိုက်ကူးသော "ရတနာပုံ" (၁၉၂၃) န
နှင့် မြန်မာအဆွေမှ ရိုက်ကူးသော "မိုင်းဂေဂေ" (၁၉၂၅) တို့ကို ပထ
ပထမဆုံး အပိုင်းရှည်ဇာတ်ကားများအဖြစ် သတ်မှတ်ကြသည်။
- ပထမဆုံး နိုင်ငံခြား (ထိုင်းနိုင်ငံ) သို့ ပြသခဲ့သည့် ဇာတ်ကားမှာ "န
"နန်းညွန့်နွယ်" (၁၉၃၀ ) ဖြစ်သည်။
- အိန္ဒိယပြည်သို့ တင်ပို့ခဲ့သည့် ပထမဆုံးဇာတ်ကားမှာ "မြိုင်ယံဘွား" (၁၉၃၉) ဖြစ်သည်။
- ဥပရောပတိုက်သို့ ပထမဆုံး တင်ပို့ပြသခဲ့သည့်ဇာတ်ကားမှာ "ဆုထူးပန်" (၁
(၁၉၃၅) ဖြစ်သည်။
- နိုင်ငံခြား အင်္ဂလိပ်ရုပ်ရှင် လာ
လာရောက်ရိုက်ကူးရာတွင် ပါဝင်သရုပ်ဆောင်ခွင့်ရသည့် ပထမဆုံးသော မြန်မာရုပ်ရှင်
င်မင်းသားမှာ "ရက်စ်ရှဲဒိုး" ကားမှ ဦးမောင်မောင်ကလေးဖြစ်သည်။
- အင်္ဂလန်နိုင်ငံသို့ မိမိစရိတ်ဖြင့် ရုပ်ရှင်ပညာသွားရောက်သင်ကြားသူများထဲတွင် ဥ
ဦးဘသက်တင် အစောဆုံး ဖြစ်သည်။
- ရုပ်ရှင်ကားတကားတွင် ရုပ် (၅)
မျိုး ပြောင်းလဲရိုက်ကူးသည့် ပထမဆုံး ပညာရှင်မှာ ၁၉၂၅ ခုနှစ်တွင် ရိုက်ကူးပြသခဲ့သည့် "
"မိုင်းဂေဂေ" ကားမှ ကာတွန်းဦးဘကလေးပင် ဖြစ်သည်။
- နိုင်ငံခြားရုပ်ရှင်ပညာသည်များ မြန်မာအဂတ်အစားနှင့် ရိုက်ကူးခဲ့သည့် ပထမ
ထမရုပ်ရှင်ကားမှာ ၁၉၂၃ ခုနှစ်တွင် လ
လန်ဒန်အတ်ကုမ္ပဏီမှ ရိုက်ကူးသည့် "ရိုးရာဇာတိနှင့် ချာလီ" ကားဖြစ်သည်။
- ဇာတ်သဘင် ပညာရှင်များ ပါဝင်ရိုက်ကူးသည့် ပထမဆုံးကားမှာ "သတ္တဂိဇန" ကာ
ကားဖြစ်၍ မင်းသားကြီး ဂရိတ်ဦးဖိုးစိန် ပါဝင်သရုပ်ဆောင်သည်။
- ပထမဆုံး မြန်မာသီချင်းဖြင့် ရိုက်ကူးသော ကားနှစ်ကားမှာ ၁၉၂၉ ခု
ခုနှစ်တွင် ရိုက်ကူးသည့် "ကိုကိုဆောင်း" နှင့် "လာမယ် လာမယ် မ
မကြည်ရဲ့" ရုပ်ရှင်ကားများ ဖြစ်သည်။
- ပထမဆုံးကာတွန်းရုပ်ရှင် စီ
စီစဉ်ရေးဆွဲ ရိုက်ကူးသူများမှာ ကာတွန်းဦးဟိန်းစွန်းနှင့် ဇဂနု (ဦးသိန်း) တို့ဖြစ်သည်။
- အသံတိတ်ကားကို မိုက်ကရိုဖုန်းနှင့် အသ
အသံထွက်ပြုလုပ်ပြသသည့်ကားမှာ ဗန္ဓုလရုပ်ရှင်မှ ရိုက်ကူးသည့် "မော်ဂိဇ္ဇာ" ဖြစ်သည်။
- ပထမဆုံးသော အသံထွက် ဇာတ်ကားအဖြစ် "ငွေပေးလို့မရ" ဇာတ်ကားကို ဘုံ
ဘုံဘေမြို့တွင် သွားရောက် ရိ
ရိုက်ကူးခဲ့သော်လည်း အသံကြည်လင်ပြတ်သားမှု မရ
မရှိခဲ့ဘဲ ဗြိတိသျှဘားမားက ပြည်တွင်းတွင် ရိုက်ကူးခဲ့သည့် "ပ
"ပဋိက္ခရားနှင့် ရွှေအိမ်စည်" ဇာတ်ကားကသာ အသ
အသံအရည်အသွေးကောင်းစွာ ရိုက်ကူးနိုင်ခဲ့သည်။

• ပထမဆုံး မြန်မာအသံထွက် ဇာတ်လမ်းရှည်ကားမှာ ဗြိတိသျှဘားမားက ရိုက်ကူး
ူးသည့် "လောကနိဗ္ဗာန်" ဖြစ်သည်။

• ဗိုလ်ချုပ်အောင်ဆန်းနှင့် ကောလိပ်ကျောင်းသား သပိတ်မှောက်ခေါင်းဆောင်မျ
များ ပါဝင်ရိုက်ကူးသည့် ဇာတ်ကားမှာ ဗြိတိသျှဘားမားမှ ၁၉၃၅ ခုနှစ်တွင် ရိ
ရိုက်ကူးသည့် "ဘွိုင်ကော့တား" ဖြစ်သည်။

• ပုလိပ်မင်းကြီး၏ အမိန့်နှင့် ပထမဆုံး အပိတ်ခံရသည့်ကားမှာ ၁၉၃၃ ခုနှစ်တွင်
ပဲရောက်ကုမ္ပဏီမှ ရိုက်ကူးသည့် "ဂမ်းစမိုး" ဖြစ်သည်။

• ဂျပန်ပြည်သို့ ပထ
ပထမဆုံးသွားရောက်၍ ဂျပန်မင်းသမီးနှင့် တွဲဖက် ရိုက်ကူးခဲ့သော ဇာတ်ကားမှာ "ဂ
"ဂျပန့်ရင်သွေး" ဖြစ်ပြီး ရိုက်ကူးသူများမှာ ဦးညီပုနှင့် မောင်မောင်စိုးတို့ ညီ
ညီအကိုနှစ်ယောက်ဖြစ်သည်။

• မြန်မာအမျိုးသမီး ဦးစီးတည်ထောင်သော ပထ
ပထမဆုံးရုပ်ရှင်ကုမ္ပဏီပိုင်ရှင်မှာ "ရန်ကုန်ရုပ်ရှင် ဒေါ်မမ" ဖြစ်သည်။

• ပထမဆုံး ရုပ်ရှင်မဂ္ဂဇင်းအမည်မှာ ၁၉၂၇ ခုနှစ်တွင် ထု
ထုတ်ဝေသည့် "ရုပ်ရှင်ပညာမဂ္ဂဇင်း" ဖြစ်သည်။

• ပထမဆုံး ရုပ်ရှင်ပညာစာအုပ်မှာ ၁၉၂၈ ခုနှစ်တွင် ဦးမောင်မောင်ရေးသည့် "ရ
"ရုပ်ရှင်ပညာ" စာအုပ်ဖြစ်သည်။

• ပထမဆုံး ရုပ်ရှင်အသင်းကို ၁၉၃၅ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။

• ပထမဇာတ်လမ်းကာတွန်းကား "မိုက်ခဲဖော့" ကို ၁၉
၁၉၃၄ ခုနှစ်တွင် ဗြိတိသျှဘားမားမှ ကာတွန်းပန်းချီဆရာ ဦးလှ (ပျဉ်းမနား) က
က ရိုက်ကူးပြသခဲ့သည်။

• ပထမဆုံး ကြော်ငြာကာတွန်းကို ၁၉၂၈ ခုနှစ်တွင် ဦးဘကလေး (ဧ
(ရွှေတလေး)မှ စတင်ရေးဆွဲ ရိုက်ကူးခဲ့သည်။

• အင်္ဂလိပ်အစိုးရ ရုပ်ရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ စစ်ဆေးသည့်နှစ်မှာ ၁၉၂၇ ခုနှစ်ဖြစ်သည်။

• အသံထွက်ကားတွင် နှစ်ကိုယ်ခွဲ ပထမဆုံးရိုက်ကူးသည့် မင
မင်းသားမှာ အေဂမ်းတင်မောင်ဖြစ်ပြီး "တစ်လိမ် နှစ်လိမ်" ဇာတ်ကားတွင်ဖြစ်သည်။

• ပထမဆုံး ရု
ရုပ်ရှင်အလုပ်သမားများ သပိတ်မှောက် အရေးတော်ပုံမှာ ၁၉
၁၉၃၇ ခုနှစ်တွင် ဗြိတိသျှဘားမား ကုမ္ပဏီ၌ ဖြစ်ပွားခဲ့သည်။

• ၁၉၃၈ ခုနှစ်တွင် ဖွဲ့စသည်းသည့် မြန်မာပြည်အစိုးရ ရုပ်ရှင်စုံစမ်းရေး ဗဟ
ဗဟိုအကြံပေးအဖွဲ့တွင် ပါဝင်သော ပုဂ္ဂိုလ်များမှာ ဦးဘရီ၊ ဦးဘ၊ ဦးညီပု၊ မစ္စတာနာရမ်နှင့် ဦ
ဦးမောင်မောင်တို့ ဖြစ်သည်။

• ပထမဆုံး မြန်မာရုပ်ရှင်ဇာတ်ညွှန်းကို ၁၉၂၇ ခုနှစ်တွင် ဂန
ဂန်ထောက်ဦးရွှေဇံအောင် ရေးခဲ့သည်။

- ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံများကို ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီ ၃ ရက
ရက်နှင့် ၄ ရက်နေ့များတွင် အမှောင်ချ စစ်ဆေးစမ်းသပ်ခဲ့သည်။
- "ရုပ်ရှင်အလုပ်သမားနေ့" ကို ၁၉၄၀ ခုနှစ်၊ စက်တင်ဘာလ ၂၂
၂၂ ရက်နေ့တွင် ပဲရောက်ရုပ်ရှင်ကုမ္ပဏီမှ ဦးဆန်နီ (ပဲရောက်)က စတင်ကျင်းပပြုလုပ်ခဲ့သည်။
- ဂျပန်အစိုးရခေတ် ပထမရုပ်ရှင်သဘင်ပွဲကို ၁၉၄၂ ခုနှစ်တွင် ဒါ
ဒါရိုက်တာဆရာခန့် ခေါင်းဆောင်ပြီး ကိုဘတင့်၊ ကိုကျော်အေး၊ ခင်ခင်ရီ၊ ခင
ခင်ခင်တင့်၊ ဖိုးပါကြီး၊ ဦးချစ်တင်တို့နှင့် ကပြခဲ့ကြသည်။
- ဗမာ့လွတ်လပ်ရေးမော်ကွန်းတင်ကားကို ၁၉၄၃ ခုနှစ်တွင် ရွှေညာမောင် (ဉ
(ဦးချင်းစိန်) သည် ဓာတ်ပုံဆရာဦးသာဂေါင်နှင့် ပူးတွဲရိုက်ကူးခဲ့သည်။
- စစ်ပြီးသည့်နောက် ပထမဆုံးမြန်မာရုပ်ရှင်ကားကို ၁၉
၁၉၄၆ ခုနှစ်တွင် နယူးဘားမားရုပ်ရှင်မှ "ဗမာသစ်" အမည်ဖြင့် ရိုက်ကူးပြသခဲ့သည်။
- စစ်ကြီးပြီးသည့်နောက် ၁၉၄၇ ခုနှစ်တွင် ရုပ်ရှင်စစ်ဆေးရေး ဆင
ဆင်ဆာဘုတ်အဖွဲ့၌ ပါဝင်သူများမှာ ဦးညွန့်နှင့် ဦးအုန်းမောင်တို့ဖြစ်သည်။
- အမည်တလုံးတည်းရှိသော ပထမဆုံးရုပ်ရှင်ကား၏ အမည်မှာ ဆေ
ဆွေဗမာဖလင်မှ ရိုက်ကူးသည့် "အား" (၁၉၄၇) ဖြစ်သည်။
- ရုပ်ရှင်ရုံများတွင် ပွဲတော်ခွန် စတင်ကောက်ယူသောနေ့မှာ ၁၉၄၇ ခု
ခုနှစ်၊ အောက်တိုဘာ (၁) ရက်နေ့ ဖြစ်သည်။
- ရုပ်ရှင်ကားအဖြစ် ပထမဆုံးရိုက်ကူးသော ပြဇာတ်မှာ "ရတနာသိုက် (မြိုင်)" (၁
(၁၉၄၇) ဖြစ်သည်။
- ပထမဆုံး ၁၆ မမ ဆေးရောင်စုံရုပ်ရှင်ကားမှာ ရန်ကုန်ရုပ်ရှင်၏ "ခ
"ချစ်သွေးညီ" ဇာတ်ကား (၁၉၄၈) ဖြစ်သည်။
- ရုပ်ရှင်ဆင်ဆာအဖွဲ့မှ ကားအမည်ကို ခွင့်မပြု၍ အ
အမည်ပြောင်းလိုက်ရသောကားမှာ "ရဲသတ္တိ" (၁၉၄၈) မူလအမည် "ကြယ်နီရောင်" ဖြစ်သည်။
- ပထမဆုံး မြန်မာသံစုံကားမှာ ၁၉
၁၉၅၁ ခုနှစ်တွင် အေဂမ်းမှ ရိုက်ကူးသည့် "သမိုင်းညွှန့်ပေါင်း" ကားဖြစ်သည်။
- ၁၆ မမ အသံတိတ်တဂက်၊ အသံထွက်တဂက် ရိုက်ကူးခဲ့သည့်ကားမှာ မ
မင်္ဂလာညွှန့်ဖလင်မှရိုက်သည့် "မြိုင်ယံရှင်" (၁၉၅၂) ဖြစ်သည်။
- ၁၉၄၈ ခုနှစ်တွင် ငြိမ်းချမ်းရေးဒိုင်းဆုရသည့် ရုပ်ရှင်ကားမှာ "ချိန်တန်ပြီ" ဖြစ်သည်။
- နိုင်ငံခြားရုပ်ရှင်ပွဲတော်ကို ၁၉၅၃ ခုနှစ်တွင် ပထမဆုံး ဂင
ဂင်ရောက်ယှဉ်ပြိုင်သည့်ကားမှာ "ရတနာပုံ" ဖြစ်သည်။
- ဒီမိုကရေစီ ရုပ်ရှင်အမည်ဖြင့် ၁၉၅၄ ခုနှစ် အစိုးရမှ ဦးဆောင်ရိုက်ကူးသည့်ကားမှာ "လ
"လူထုအောင်သံ" ဖြစ်သည်။
- ရန်ကုန်မြို့တွင် ပထမဆုံး ဂင်ငွေ ၅ သိန်းရသည့် ရု
ရုပ်ရှင်ကားမှာ ၁၉၅၇ ခုနှစ်တွင် ပြသည့် မန္တလေးရုပ်ရှင်၏ "ဘဂသံသရာ" ဇာတ်ကားဖြစ်သည်။

- ပထမဆုံး ၃၅ မမ ဆေးရောင်စုံရုပ်ရှင်ကားမှာ ရန
ရန်ကုန်ရုပ်ရှင်မှ ရိုက်ကူးသည့် "ချစ်ခဲ့တာ အမှန်ပါပဲ" (၁၉၅၇) ဖြစ်သည်။
- ပထမဆုံး မြင်ကွင်းကျယ် မြန်မာရုပ်ရှင်ကားမှာ ၁၉၅၇ ခုနှစ်တွင် ဆေ
ဆွေဗမာဖလင်မှ ရိုက်ကူးခဲ့သော "ရွှေတိဂုံသမိုင်း" ဖြစ်သည်။
- ရန်ကုန်မြို့တွင် မပြဘဲ နယ်တွင် ပထမ ပြသသည့်ကားမှာ ၁၉၆၂ ခုနှစ်တွင် အန
အနမ်းပင်ကော်ပြားမှ ရိုက်ကူးသည့် "မွတ်ကလုံမမ" ဖြစ်သည်။
- ပထမဆုံး ရုပ်ရှင်ပညာသင်ကျောင်းကို ဦးချင်းစိန် (ရွှေညာမောင်) က ၁၉၅၈ ခု
ခုနှစ်တွင် ယင်း၏နေအိမ် ကျွန်းတောလမ်း၊ စမ
စမ်းချောင်း၌ပင် ဖွင့်လှစ်ခဲ့သည်။ ဒါရိုက်တာ စိ
စိန်ဖေတင်မှာ ယင်းရုပ်ရှင်ပညာသင်တန်း ကျောင်းဆင်းတဦးဖြစ်သည်။
- ရုပ်ရှင်ဒါရိုက်တာ ၅ ဦး ပူးတွဲ၍ ရိုက်ကူးသည့်ကားမှာ ၁၉
၁၉၆၅ ခုနှစ်တွင် ရွှေနှင့်မြရုပ်ရှင်မှ ရိုက်ကူးသည့် "ဘာလိုလို" ဇာတ်ကားဖြစ်သည်။
- သတင်းစာတွင် ပါသည့်ကာတွန်းဇာတ်လမ်းကို ၁၉၆၅ ခုနှစ်တွင် ရန်ကုန်ရုပ်ရှင်မှ "ခ
"ခင်" အမည်ဖြင့် ရိုက်ကူးပြသခဲ့သည်။
- ပထမဆုံး အသံထွက် ကာတွန်းဇာတ်လမ်းမှာ ၁၉၆၅ ခုနှစ်တွင် မဂ
မင်္ဂလာညွန့်ဖလင်မှ ရိုက်ကူးသည့် "ပြည်သူ့ငလက်မ" ဖြစ်သည်။
- အလင်္ကာကျော်စွာဘွဲ့ရသော ရုပ်ရှင်ပညာသည်များမှာ ဦ
ဦးတင်မောင်၊ ဦးသုခ၊ ဦးဉာဏ၊ ဦးစိန်ဂေလျှံနှင့် ဦးချင်းစိန်တို့ဖြစ်သည်။
- ဂုဏ်ကျော်ထင်ဘွဲ့ရသော ရုပ်ရှင်ပညာသည်များမှာ ရ
ရန်နိုင်စိန်၊ ဦးချန်ထွန်း၊ ဦ
ဦးဇေယျ၊ ဦးမျိုးချစ်၊ ဒေါ်မေရှင်၊ ဒေါ်မေသစ်၊ ဖိုးပါကြီးနှင့် ဒေါ်ကြည်ကြည်ဌေးတို့ ဖြစ်ကြသည်။
- မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ၁၉၅၂ ခုနှစ်မှစ၍ ပေးခဲ့သည်။
- ပထမဆုံး ရုပ်ရှင်ဇာတ်ကားပထမဆုကို ချ
ချစ်သက်ဝေက ရရှိ၍ အမျိုးသားဇာတ်ဆောင်ဆုကို ကျော်ဂင်းက မာလာရီဇာတ်ကားဖြင့်၊ အမ
အမျိုးသမီး ဇာတ်ဆောင်ဆုကို ကြည်ကြည်ဌေးက ချစ်သက်ဝေ ဇာတ်ကားဖြင့် ရရှိသည်။
- ၁၉၅၄ ခုနှစ်တွင် ဒါရိုက်တာထူးချွန်ဆု တိုးချဲ့ချီးမြှင့်ခဲ့ပြီး ဦးသုခက ဦးစွာ ရရ
ရရှိခဲ့သည်။ ၎င်းနှစ်တွင်ပင် အမျိုးသမီး ဇာတ်ပို့ဆုကိုလည်းကောင်း၊ ၁၉၅၅ ခုနှစ်တွင် ကလေ
ကလေးသရုပ်ဆောင်ဆုကိုလည်းကောင်း၊ ၁၉
၁၉၅၆ ခုနှစ်တွင် ရုပ်ရှင်ဓာတ်ပုံဆုကိုလည်းကောင်း၊၁၉၅၈ ခုနှစ်တွင် အမ
အမျိုးသားဇာတ်ပို့ဆုကိုလည်းကောင်း၊ ၁၉၉၁ ခု
ခုနှစ်တွင် ရုပ်ရှင်တေးဂီတဆုကိုလည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် ရု
ရုပ်ရှင်အသံဆုကိုလည်းကောင်း၊ ၁၉၉၅ ခု
ခုနှစ်တွင် ဇာတ်ညွှန်းဆုကိုလည်းကောင်း၊ ၁၉၉၇ တွ
တွင် ရုပ်ရှင်တည်းဖြတ်ဆုကိုလည်းကောင်း အစပြု ချီးမြှင့်နိုင်ခဲ့သည်။

- မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကို ရန်ကုန်မြို့တော်ခန်းမ၊ ဂိ
ဂိဇယရုပ်ရှင်ရုံ၊ နတ်မောက်လမ်းရှိ စက်မှုလက်မှုကျောင်းဝင်း၊ ဂက
ဂက်ပါလမ်းရှိ ရုပ်ရှင်ပြဇာတ် အစည်းအရုံးခြံဝင်း၊ ရွှေတောင်ကြားလမ်းရှိ
နိုင်ငံတော်ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးအဖွဲ့ဝင်း
မြက်ခင်းပြင်၊ ဘုရားလမ်းရှိ ဂျူဗလီဟောကွက်လပ်၊ ပြည်လမ်းရှိ အသ
အသံလွှင့်ရုံစတူဒီယို (အေ)နှင့် မြန်မာ့အသံမြက်ခင်းပြင်၊ အင်းလျားကန်ဟိုတယ်၊ နဂ
နဂဒေးရုပ်ရှင်ရုံ၊ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၊ သု
သုဂဏ္ဏ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) န
နှင့် နေပြည်တော် လဟာပြင်ကဇာတ်ရုံတို့တွင် ကျင်းပခဲ့သည်။
- မြန်မာ့ရုပ်ရှင် ငွေရတုသဘင်အခမ်းအနားကို စစ်ပြီးခေတ် ပထ
ပထမ မြန်မာစက်မှုလက်မှုပြပွဲကြီးနှင့်အတူ ကျင်းပခဲ့ပြီး အခ
အခမ်းအနားကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ဘုရင်ခံဆာဟူးဘတ်ရန့်စ်တို့က ဖွင့်လှစ်ပေးခဲ
ခဲ့ကာ ၁၉၄၇ ခုနှစ် မတ်လ ၁ ရက်မှ ၁၀ ရက်နေ့အထိ ကျ
ကျင်းပခဲ့သည်။ ရွှေရတုသဘင်အခမ်းအနားကိုမူ ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာ ၁၇ မှ ၂၆ ရက
ရက်နေ့အထိ ကျင်းပခဲ့ပြီး၊ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကို ၁၉၉၅ ခု
ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

မျက်ရှု

(ကိုးကား။ ။
၁။ ရုပ်ရှင်သမိုင်းနှင့် မြန်မာ့ရုပ်ရှင်မှတ်တမ်း၊ အေးအေးစိုး (ဖျာပုံ)၊ စာပေဗိမာန်ဆုရစာမူ
၂။ မြန်မာ့ရုပ်ရှင်သမိုင်းစဉ်၊ ငွေရတုကာလ)

# Cyber Security

https://books.google.com.au/books?id=GMBTDwAAQBAJ&pg=PT112&lpg=PT112&dq=%E1%80%9B%E1%80%AF%E1%80%95%E1%80%BA%E1%80%9B%E1%80%BE%E1%80%84%E1%80%BA%E1%80%95%E1%80%8A%E1%80%AC&source=bl&ots=lP7nWi36Fo&sig=ACfU3U0QxA-1_oagLRjQ8vmmTpixRGUvWg&hl=en&sa=X&ved=2ahUKEwjR__KboYznAhXP7HMBHSq-DhA4MhDoATAJegQIChAB#v=onepage&q=%E1%80%9B%E1%80%AF%E1%80%95%E1%80%BA%E1%80%9B%E1%80%BE%E1%80%84%E1%80%BA%E1%80%95%E1%80%8A%E1%80%AC&f=false